**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၁၇ /၂၀၁၉
ရက်စွဲ၊၂၀၁၉ – ခုနှစ်၊ ဩဂုတ်လ( ၁ )ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၃၀-၇-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး-၂) (၁၂၅၉၄) / ၂၀၁၉

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများအား MV. JAVA IMPERIA (Call Sign: POZE) ရေယာဉ်ဖြင့် (၁-၇-၂၀၁၉) ရက်နေ့မှ (၃၁-၇-၂၀၁၉) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း (၂၀-၆-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ SSE/NM/၀၁၅/၂၀၁၉ ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါလုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့်(၁-၈-၂၀၁၉)ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ ထပ်မံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ Preparis Geophysical Site Survey Contour လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းများကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| NW vertex | 14° 56' 34.44" N | 93° 47' 13.99" E |
| NE vertex | 14° 56' 33.85" N | 93° 50' 01.36" E |
| SE vertex | 14° 53' 51.12" N | 93° 50' 00.73" E |
| SW vertex | 14° 53' 51.71" N | 93° 47' 13.40" E |

၄။ သို့ဖြစ်ပါ၍ (၁-၈-၂၀၁၉) ရက်နေ့မှ (၃၁-၈-၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထပ်မံ၍ ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မင်းမင်းသက်-လက်ထောက်ညွှန်ကြားရေးမှူး(SSE)